# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ အဓာနည်း

**အမေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ အဘယ်နည်း။**

ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်းတွင် အကြမ်းဖက်မှုဆိုသည့် စကား လုံးမှာ "လူအများရှိမှောက်တွင်ဖြစ်စေ သို့မဟုတ် လူမမြင်ကွယ်ရာတွင်ဖြစ်စေ ခြိမ်းခြောက်မှု၊ လွတ်လပ်မှုအား အတင်းအကြပ် သို့မဟုတ် မတရား သိမ်းပိုက်ခြင်းများအပါအဝင် လိင်စော်ကားမှုကြောင့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာရမှု သို့မဟုတ် အမျိုးသမီးများ ဝေဒနာခံစားမှုကိုဖြစ်ပေါ်စေသည့် သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော လိင်အခြေခံအကြမ်းဖက်မှုမှန်သမျှ ကိုဆိုလို သည်။ "

"သက်ရောက်မှုဟိသည့် လိင်ကွဲပြားခြားနားမှုကိုအခြေခံသော မည့်သည့်အပြုအမူမျိုးကို မဆို (သို့မဟုတ်) အကျိုးသက်ရောက်မှုဖြစ် ဖွယ်ရာဟိသည့် လူအများရှိမှောက်တွင်ဖြစ်စေ ပုဂ္ဂလိက ဘဝတွင်ဖြစ်စေဖြစ်ပွားသည့် လိင်နှင့်ပတ်သက်သည့် ကိုယ်ထိလက်ရောက် ကျူးလွန်မှု၊ လိင်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာစေမှု၊ အမျိုးသမီးများအား ဝေဒနာခံစားစေမှု၊ ထိုကဲ့သို့သော အပြုအမူများပြုလုပ်မည်ဟု ခြိမ်းခြောက်ခြင်းများအပါအဝင် အကြပ်ကိုင်ခြင်း (သို့မဟုတ်) တဖက်သတ်လွတ်လပ်မှုအား ပိတ်ပင်ထားခြင်း"

**အမေး။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွင် မည်သည့် အကြမ်းဖက်မှုပုံသဏ္ဍာန်က အဖြစ်အများဆုံးနည်း။**

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုသည် ပုံသဏ္ဍာန်မျိုးစုံ ဖြစ်နိုင်ပါသည်။ အောက်ဖော်ပြပါများကိုသာ ကန့်သတ်ထားခြင်း မဟုတ်ပေ။

**စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။ ။** နည်းလမ်းအမျိုးမျိုးဖြင့် အမျိုးသမီးတယောက်၏ မိမိကိုယ်ကို ယုံကြည်မှုအား လျော့နည်းစေရန် အော်ငေါက်ခြင်း၊ နှုတ်ဖြင့်စော်ကားခြင်း၊ လှောင်ပြောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရုတ်ရင်းကြမ်းတမ်းသော စကားပြောခြင်း၊ အရှက်တကွဲ ဖြစ်စေခြင်း၊ ထိပါးနှောင့်ယှက်ခြင်း၊ အထင်အမြင်သေးခြင်း၊ စိတ်ခံစားမှုဆိုင်ရာအလေးပေးဂရုစိုက်မှု သို့မဟုတ် အထီးကျန်ဖြစ်စေရန် တမင် တကာလုပ်ဆောင်ခြင်းရှိ အကြုံးဝင်သည်။

**ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။** ။ သိသာအထင်ရှားဆုံးမှာ ရိုက်နှက်ခြင်း၊ ဆက်ကာဆက်ကာ ထိုးကြိတ်ခြင်းမှသည် ရိုက်ပုတ်ခြင်း၊ လက်နက်ပစ္စည်းတခုခုဖြင့် ရုပ်ပိုင်းဆိုင်ရာအနိုင်ကျင့်ခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်တောက်ခြင်းနှင့် သတ်ဖြတ်ခြင်းများအထိ ပါဝင်သော အထင်ရှားဆုံးသော အကြမ်းဖက်မှုများပါဝင်သည်။

**လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု။** ။ ထိပါးနှောင့်ယှက်မှုအမျိုးမျိုးမှသည် ဆန္ဒမပါဘဲ လိင်ပိုင်းဆိုင်ရာ ကိုင်တွယ်ထိတွေ့ခြင်းမှသည် မုဒိမ်းကျင့်ခြင်း၊ နှစ်ဦးနှစ်ဖက် သဘောတူညီမှုမပါသည့် လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်မှု ပုံသဏ္ဍာန်အမျိုးမျိုး (ဥပမာ–လူတဦးတယောက်ကို အတင်းအကြပ်အင်အားသုံးခြင်း) ဖြစ်သည်။ ၎အကြမ်းဖက်မှု ပုံသဏ္ဍာန်တွင် သွေးသားရင်းဆွေမျိုး တော်သူနှင့် လိင်ဆက်ဆံမှုလည်း အပါအဝင်ဖြစ်သည်။

**ငွေရေးကြေးရေးဆိုင်ရာ အကြမ်းဖက်မှု။** ။ နည်းလမ်းအမျိုးမျိုးဖြင့် မိသားစု၏ ဝင်ငွေ၊ အိမ်ထောင်ဖက်၏ အမွေ (သို့မဟုတ်) လုပ်အားမှ ရသည့်ဝင်ငွေ ငွေကြေးများကို တစိတ်တပိုင်းအရသော်လည်းကောင်း အားလုံးသော်လည်းကောင်း ထိန်းချုပ်သည့် နည်းနာများအားလုံး အကြုံးဝင်သည်။ မိမိ၏အိမ်ထောင်ဖက်ကို အိမ်ပြင်ပ၌ အလုပ်လုပ်ကိုင်ရန် တားဆီးခြင်း (သို့မဟုတ်) ငွေရေးကြေးရေး အရ အမှီအခိုကင်းမှုကို ဦးတည်စီနိုင်သည့် လုပ်ဆောင်ချက်များကို တားဆီးခြင်းများလည်း အပါ အဝင်ဖြစ်သည်။

**စိတ်ခံစားပိုင်းဆိုင်ရာ အနိုင်ကျင့်မှု။** ။ ပုဂ္ဂိုလ်တဦးတယောက်၏ ယဉ်ကျေးမှုဓလေ့ထုံးစံ (သို့မဟုတ်) ဘာသာရေးဆိုင်ရာ ယုံကြည်ချက်များကို ပြက်ရယ်ပြုခြင်း (သို့မဟုတ်) အပြစ်ပေးခြင်းမှတဆင့် ဖျက်ဆီးရန်ပြုလုပ်ခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဘာသာ တရားကျင့်သုံးခွင့်ကို တားမြစ်ပိတ်ပင်ခြင်း (သို့မဟုတ်) ၎င်း၏ကိုယ်ပိုင်မဟုတ်သော ဘာသာတရားကို အမျိုးသမီးများကို သော်လည်းကောင်း အချေသူငယ်များကိုသော်လည်းကောင်း အတင်းအကြပ်လိုက်နာကျင့်သုံးစေခြင်းစသည်ရှိလည်း ပါဝင်သည်။

**သတင်းအရင်းအမြစ်။** ။ အမျိုးသမီးများကို အကြမ်းဖက်မှုဆိုင်ရာ ကနေဒါလူမျိုးများအဖွဲ့ (၁၉၉၃ ခုနှစ်) နောက်ဆုံးအစီရင်ခံစာ၊ မြင်ကွင်းအားပြောင်းလဲစေခြင်း၊ အကြမ်းဖက်မှုရပ်တန့်ခြင်း တန်းတူ ညီမျှမှုရယူခြင်း။ စာမျက်နှာ ၆–၇

Women's League of Burma

www.womenofburma.org

wlb@womenofburma.org